SHARED VISION FOR A SHARED FUTURE

# EU - CSO

## PARTNERSHIP STRATEGY

## WHAT IS THE EU-CSO PARTNERSHIP STRATEGY ?

The European Union Strategy for a Strengthened Partnership with Civil Society in Myanmar (EU-CSO Partnership Strategy)is a follow-up to the "Roadmap – EU Engagement with Civil Society (2014-2017)."

The EU-CSO Partnership Strategy seeks to contribute to democracy and pluralism, by supporting the development of an enabling environment in which civil society organisations participate in and contribute to policy-making and policy implementation processes at the local and national level.

The EU-CSO Partnership Strategy aims to support civil society in Myanmar, reinforce its capacities and strengthen partnership with the EU and its member states.

The EU – CSO Partnership Strategy in Myanmar:

- Promotes EU – Civil Society dialogue through Dialogue Forums, Human Rights Dialogue, and donor working groups and platforms.

- Supports policy change through the compilation of existing policy research and recommendations, complementing these with new studies,and disseminating results to key stakeholders and the public.

- Supports improved communication and outreach between EU and civil society, as well as civil society and the wider public through CSO Fairs, social media, and other relevant channels.

## ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ ဆိုသည်မှာ ...

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး ဥရောပသမဂ္ဂ၏ မဟာဗျူဟာဆိုသည်မှာ ၂၀၁၄ - ၂၀၁၇ ခုနှစ်တွင်ကျင်းပခဲ့သည့် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြားချိတ်ဆက်သည့်မူဝါဒလမ်းစဉ်အားဆက်လက်ပြုလုပ်သည့် စီမံကိန်းဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာမဟာဗျူဟာသည် ဒီမိုကရေစီနှင့် ဗဟုဝါဒအား ပံ့ပိုးခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပူပေါင်းပါဝင်မှုများပိုမိုပြုလုပ်နိုင်သည့် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရန်ပံ့ပိုးခြင်း၊ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့် မူဝါဒများရေးဆွဲခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းများပြုလုပ်နိုင်ရန်ရည်ရွယ်ပါသည်။

ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်စေရေး၊ ဥရောပသမဂ္ဂအပါအဝင်အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းပါဝင်မှုများပိုမိုကောင်းမွန်စေရေးတို့အတွက် ရည်ရွယ်ပါသည်။

### မြန်မာနိုင်ငံရှိဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာအနေဖြင့် -

- ဥရောပသမဂ္ဂနှင့်အရပ်ဘက်အဖွဲ့အစည်းများကြားဆွေးနွေးချက်များပိုမိုကောင်းမွန်လာစေရန် ဖိုရမ်များ၊ လူ့အခွင့်အရေးဆိုင်ရာစကားပိုင်းများ၊ ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းများနှင့်အတူ နယ်ပယ်အသီးသီးမှတဆင့် မြှင့်တင်သွားမည်ဖြစ်ပါသည်။
- ပြုလုပ်ထားပြီးသော မူဝါဒဆိုင်ရာသုတေသနများမှ ရှာဖွေတွေ့ရှိချက်များနှင့်အကြံပြုချက်များမှတဆင့် ပြောင်းလဲမှုများပြုလုပ်ခြင်းအားပံ့ပိုးခြင်း၊ ထိုသုသေတနစာအုပ်များအား မြန်မာဘာသာဖြင့်ပြန်ဆိုကာဆက်စပ် ပါဝင်ပါတ်သက်သည့်သူများထံသို့ဖြန့်ဝေခြင်းများအတွက် ပံ့ပိုးရန်ဖြစ်ပါသည်။
- ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရုံသာမက ပြည်သူလူထုနှင့် ပိုမိုနီးစပ်စေရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ် ပြပွဲများ၊ လူမှုမီဒီယာနှင့် တခြားဆက်စပ်နေသောမီဒီယာများမှတဆင့် ပံ့ပိုးကူညီရန်ဖြစ်ပါတယ်။

## THE EU- CSO PARTNERSHIP STRATEGY IS:

### CSO-DRIVEN

CSOs take the lead in determining the priorities and content of all activities through advisory groups, consultations, and participatory engagement.

### INCLUSIVE

The strategy seeks to include alllevels of civil society, ranging from large networks to small CBOs, representatives of rural populations, and marginalized or minority groups. Special needs and gender-sensitivity are taken into consideration at all levels.

### COLLABORATIVE

All relations are based on mutual respect, desire for cooperation, equality, transparency, and accountability.

### SUSTAINABLE

CSOs are engaged in the design and development of dialogue and research processes, reinforcing capacities that can sustain this process.

### COMPLEMENTARY

The strategy builds on existing relations, connections, work, and resources to bring added value.

## ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ ဆိုသည်မှာ ...

### အရပ်ဘက်အဖွဲ့အစည်းများမှ ဦးဆောင်ခြင်း

အရပ်ဘက်အဖွဲ့အစည်းများ ဦးဆောင်၍ အကြံပေးအဖွဲ့အစည်းများ၊ ပူးပေါင်းပါဝင်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် လုပ်ငန်းရပ်အားလုံး၏ အခန်းကဏ္ဍများနှင့် ဦးစားပေးဆောင်ရွက်ရန်ရှိသည်များ သတ်မှတ်အဖြေရှာကြမည်ဖြစ်သည်။

### အားလုံးပါဝင်ခြင်း

မဟာဗျူဟာတွင် ကွန်ယက်အဖွဲ့အစည်းကြီးများမှစ၍ ကျေးလက်နေလူထု၊ နယ်စပ်ဒေသနှင့် လူနည်းစု အစုအဖွဲ့ ကိုယ်စားပြု ဒေသခံအဖွဲ့အစည်းငယ်များအထိ အလွှာအသီးသီးမှ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်စေနိုင်ရန် ရည်ရွယ်သည်။ အထူးလိုအပ်ချက်များနှင့် ကျား/မ ဆိုင်ရာ လိင်ခွဲခြားမှုများ မရှိစေရန် လုပ်ငန်းဆောင်ရွက်ချက် အဆင့်ဆင့်တွင် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

### ပူးပေါင်းဆောင်ရွက်ခြင်း

တွဲဖက်ဆောင်ရွက်မှုအားလုံးသည် အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်လိုခြင်း၊ တန်းတူညီမျှခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းတို့ အပေါ်တွင် အခြေခံပါသည်။

### ရေရှည်တည်တန့်မှုရှိခြင်း

စီမံကိန်းဖြစ်စဉ်အား ရေရှည်တည်တံ့မှုရှိနိုင်စေရန် စွမ်းရည်များမြှင့်တင်ပေးနိုင်မည့်စကားဝိုင်းဆွေးနွေးပွဲများနှင့် သုတေသနလုပ်ငန်းစဉ်များ ဒီဇိုင်းရေးဆွဲခြင်းနှင့် တိုးမြှင့်လုပ်ဆောင်ခြင်းတို့ဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်သွားမည် ဖြစ်သည်။

### ဖြည့်စွက်ဆောင်ရွက်ခြင်း

စီမံကိန်းဗျူဟာသည် ရှိယင်းစွဲ ဆက်သွယ်မှုများ၊ ချိတ်ဆက်ဆောင်ရွက်ခြင်းများ၊ လုပ်ငန်းအစီအစဉ်များနှင့် အရင်းအမြစ်များအား ပိုမိုအားကောင်း အဆင့်မြှင့်တင်ရန်လည်း ဖြစ်သည်။

# WHAT ARE THE ACTIVITIES OF THE EU-CSO PARTNERSHIP STRATEGY?

## DIALOGUE FORUMS

Creating spaces for civil society actors to exchange ideas, knowledge, information, lessons learned, good practices, and opinions addressing concerns shared by the EU and civil society.

## POLICY RESEARCH

Creating a comprehensive body of research based on existing and new research, compiling actionable recommendations to inform the public and decision makers to support policy change.

## CIVIL SOCIETY FAIRS

Supporting networking and partnership. Promoting the work of civil society through exposure to the general public.

## CSO NEWSLETTER

Highlighting news from civil society, sharing the stories of success, as well as announcements of interest to civil society.

## FACEBOOK PAGE

Sharing information for CSOs, such as current Calls for Proposals, funding opportunities or recently published research, as well as hosting a discussion platform.

# ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ အစီအစဉ်တွေက ဘာတွေလဲ ?

## ဆွေးနွေးပွဲဖိုရမ်များ

ဥရောပသမဂ္ဂနှင့်အရပ်ဘက် အဖွဲ့အစည်းများကြားရှိသော လုပ်ငန်းအစီအစဉ်များအပေါ်တွင်အကြံဉာဏ်များ၊ ဗဟုသုတများ၊ သတင်းအချက်အလက်၊ သင်ခန်းစာများ၊ အတွေ့အကြုံကောင်းများဖလှယ်ရန်အရပ်ဘက်အဖွဲ့အစည်းများပါဝင်နိုင်သည့်အစီအစဉ် ဖန်တီးပေးခြင်း။

## မူဝါဒရေးရာ သုတေသနများ

မူဝါဒပြောင်းလဲရာရေးတွင်အထောက်အကူဖြစ်စေရန်နှင့်လူထုနှင့်မူဝါဒချမှတ်သူများအားတင်ပြရန် လုပ်ငန်းရပ်ဆိုင်ရာ အကြံပြုပြောကြားချက်များအား စုပေါင်း၍ ယခင်ရှိပြီးသားနှင့်ယခု သုတေသနအသစ်များကို အခြေပြုကာ ပြည့်စုံသော သုတေသနအစုအပေါင်းတစ်ခုဖန်တီးခြင်း။

## အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ပြပွဲများ

ကွန်ယက်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်အပြင် လူထုနှင့်ထိတွေ့စေကာ အရပ်ဘက်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများအား တိုးမြှင့်စေခြင်း။

## အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ သတင်းလွှာ

အရပ်ဘက်အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ကြေငြာချက်များနှင့် အောင်မြင်မှု ရလဒ်များကိုဝေမျှကာ အရပ်ဘက်အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များကို မီးမောင်းထိုးပြခြင်း။

## Facebook စာမျက်နှာ

လက်ရှိလုပ်ငန်း အစီအစဉ်တင်ပြချက်ခေါ်စာများ၊ ငွေကြေးထောက်ပံ့မှုရရှိရန် အခွင့်အလမ်းများနှင့် မကြာသေးခင်ထုတ်ဝေထားသော သုတေသနစာတမ်းများကဲ့သို့သော အရပ်ဘက် အဖွဲ့အစည်းများအတွက် အချက်အလက်များကိုဝေမျှခြင်းနှင့်အတူ ဆွေးနွေးတင်ပြချက်များအတွက် နယ်ပယ်စာမျက်နှာတစ်ခုဖန်တီးပေးခြင်း။

## CONTACT INFORMATION


DELEGATION of the EUROPEAN UNION to MYANMAR

Anouk Van Neck
Programme Manager
email: anouk.van-neck@eeas.europa.eu

Augustine Hti San
Project Officer
email: Augustine.HTI-SAN@eeas.europa.eu

Zsuzsanna Vari-Kovacs
Project Officer
email: zsuzsanna.vari-kovacs@eeas.europa.eu

IMPLEMENTATION TEAM

Neslihan Ozgunes
Team Leader
email: eucsostrategy.teamleader@gmail.com

Phyo Ei Thwe
Civil Society Expert
email: eucsostrategy.civilsociety@gmail.com

Mario Zaw Thet Htun
Communication Expert
email: eucsostrategy.communication@gmail.com

WEBSITE: https://eeas.europa.eu/delegations/myanmar-burma_en

Address: Hledan Center, 6th Floor, Corner of Pyay Road and Hledan Road,
Kamayut Township, Yangon, Myanmar


Find us on Facebook!
European Union in Myanmar
EU-CSO Partnership Strategy Myanmar

A.R.S. Progetti S.P.A.
Ambiente Risorse Sviluppo